အသင်တို့ လိုက်နာဖြည့်ဆည်းရန် အထိုက်တန်ဆုံး
စည်းကမ်းချက်မှာ ကိုယ်လက်နှီးနှောခွင့်
တရားဝင်စေရန်အတွက် သတ်မှတ်ထားသည့်
စည်းကမ်းချက်ပင်ဖြစ်သည်။
အုက်ဗဟ် ဗင်န် အာမိရ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။
အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)
မိန့်ကြားတော်မူသည်။ အသင်တို့ လိုက်နာဖြည့်ဆည်းရန် အထိုက်တန်ဆုံး
စည်းကမ်းချက်မှာ ကိုယ်လက်နှီးနှောခွင့် တရားဝင်စေရန်အတွက် သတ်မှတ်ထားသည့်
စည်းကမ်းချက်ပင်ဖြစ်သည်။
[ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း။]
ဟဒီးဆ်တော်၌ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) ရှင်းပြတော်မူသည်မှာ
လိုက်နာဖြည့်ဆည်းရန် အထိုက်တန်ဆုံး စည်းကမ်းချက်မှာ အမျိုးသမီးနှင့်
ကိုယ်လက်နှီးနှောခွင့် တရားဝင်စေရန်အတွက် အကြောင်းခံဖြစ်စေခဲ့သည့်
စည်းကမ်းချက်ပင်ဖြစ်သည်။ ဤသည်နိကဟ်ထိမ်းမြားစဉ် ဇနီးဘက်မှတောင်းဆိုထားသည့်
တရားတော်က ခွင့်ပြုထားသော စည်းကမ်းချက်များပင်ဖြစ်သည်။
https://sunnah.global/hadeeth/my/show/6021